ပါစကားစတုတ္ထတနင်္ဂနွေနေ့ ထောက်ရှုချက် ဧပြီလ ၃၀ ၂၀၂၃

ခရစ်တော်ဘုရားဟာ ကျွန်ုပ်တို့အတွက်
ကောင်းသောသိုးထိန်းဖြစ်တဲ့အကြောင်းကို ဆင်ခြင်ကြတဲ့
အပတ်စဉ်ဖြစ်ပါတယ်။

အထူးသဖြင့် ကောင်းသောသိုးထိန်း၏နောက်လိုက်များဖြစ်တဲ့
ဘုန်းကြီးရဟန်းတို့ရဲ့ဘဝအသက်တာကို ရွေးချယ်ရယူကြမဲ့
ခေါ်တော်မူခြင်းအသက်တာကို လျှောက်လှမ်းကြမဲ့ လူငယ်များအတွက်
ဆုတောင်းပေးရမဲ့နေ့ရက်လဲဖြစ်ပါတယ်။

ကောင်းသောသိုးထိန်းရဲ့ရုပ်ပုံ ဆင်းတုများကို သပ်ယပ်သပ္ပာယ်စွာ
ဘုရားကျောင်းကန်တွေမှာ ထားရှိတာကို ကျွန်ုပ်တို့တွေ့မြင်ရတတ်ပါတယ်။
ဒီအကြောင်းဟာ ဘယ်ကနေအခြေခံပါသလဲ။ ဒါဟာ
ယုဒလူတို့ရဲ့ထုံးစံလေ့မှာ တွေ့ရှိရပါတယ်။ ယုဒလူတို့ရဲ့လေ့မှာ
သိုးထိန်းတွေဟာ လွန်စွာပင် လေးစားတန်ဘိုးထားခံရတဲ့လူတွေဖြစ်ပါတယ်။
သမိုင်းစဉ်ဆက်ကိုကြည့်လိုက်ရင် အာဗြာဟံ= သိုးထိန်းဖြစ်ပါတယ်။ မိုးဇယ် –
သိုးထိန်းဖြစ်ပါတယ်။ ဒါဝိတ်ဟာလဲ သိုးထိန်းဖြစ်ပါတယ်။ သိုးထိန်းတွေဟာ
သိုးတွေကို ကာကွယ်တယ်။ ဦးဆောင်တယ်။ ကြည့်ခောင့်ရှောက်ပါတယ်။

ဒီသွင်သဏ္ဍာန်ဟာ ဘုရားကိုရည်ညွှန်းပါတယ်။ ဘာဖြစ်လို့လဲ။ ဘုရားဟာ
ကျွန်ခံနေရတဲ့ အီဇရာအဲလ်လူတွေကို ကျွန်ဘဝကနေလွတ်မြောက်ဘို့အတွက်
နှုတ်ဆောင်ခဲ့လို့ ဖြစ်ပါတယ်။ ဒီဘုရားကဘဲ သူတို့ကို
ကြည့်ရှုခောင့်ရှောက်ခဲ့တယ်။ သဲကန္တာရကိုဖြတ်သန်းသွားတဲ့အခါ
သူတို့ကိုကျွေးမွေးခဲ့ပါတယ်။ အဲဒါကြောင့် ဘုရားဟာ
အီဇရာအဲလ်လူများအတွက် ကောင်းသောသိုးထိန်းဖြစ်တော်မူပါတယ်။

ကျွန်ုပ်တို့အတွက်ကျတော့ ပါစကားစတုတ္ထတနင်္ဂနွေရောက်တိုင်း ကောင်းသောသိုးထိန်းဖြစ်တော်မူသော ခရစ်တော်ဘုရားကို ဂုဏ်ပြုကြပါတယ်။

ဒီကနေ့ဘုရားရှင်က မိမိသည် တံခါးဝဖြစ်၏။

ယောဟန်အခန်းကြီး ၁၀ အရ ခရစ်တော်ဟာ မိမိကိုယ်ကို ကောင်းသောသိုးထိန်းအဖြစ် ကြွေးကြော်တဲ့အခါ ဘယ်လိုဘယ်ပုံ နားလည်ရမှာလဲ။ အဲဒီတံခါးဝကနေပြီး သိုးတွေဟာ သိုးခြံထဲကိုဝင်ရောက်နိုင်ကြပါတယ်။ ဒီအချက်က ကျွန်ုပ်တို့ဘယ်လိုနားလည်ရမှာလဲ။ နေ့စဉ်ဘဝမှာ တံခါးဟာ ဘယ်လိုဘယ်ပုံအဓိပ္ပာယ်ကို ဖော်ဆောင်ပါသလဲ။ အပြင်မှာရှိတဲ့လူတွေကို လက်ခံကြိုဆိုပြီး တံခါးရဲ့အတွင်းမှာရှိတဲ့နေရာကို ရောက်ရှိနိုင်စေတယ်။ အတွင်းမှာရှိတဲ့အရာ များကို ရယူသုံးစွဲခွင့် ရရှိစေပါတယ်။ စားဘို့၊ နားဘို့၊ အိပ်ဘို့---။

ခရစ်တော်ဘုရားဟာ တံခါးဝဖြစ်တယ်ဆိုတော့ ခရစ်တော်ဘုရားအားဖြင့် ကျွန်ုပ်တို့အား ကယ်တင်ခြင်းကို ရရှိစေတယ်။ ခရစ်တော်ဘုရားအားဖြင့် ကျွန်ုပ်တို့ဟာ ခရစ်ယာန်လို့ခေါ်ဝေါ်ခြင်းခံရပါတယ်။ ခရစ်တော်ဘုရားအားဖြင့် ဘုရားဆီကိုရောက်ရှိနိုင်ခွင့် (အထူးသဖြင့်) ကယ်တင်ခြင်းကို ရရှိစေပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ဆုတောင်းတဲ့အခါ ခရစ်တော်ဘုရား၏နာမတော်အားဖြင့် တောင်းလျှောက်ကြပါသည် လို့ အမြဲတမ်း ဆုတောင်းရွတ်ဆိုကြပါတယ်။

ခရစ်တော်ဟာ ဘယ်လိုကောင်းသောသိုးထိန်းမျိုး ဖြစ်ကြောင်း ဒီကနေ့ဧဝံဂေလိကျမ်းက ဖော်ပြပါသလဲ။ ကောင်းသောသိုးထိန်းဟာ စိမ်းလန်းသောမြက်ခင်းပြင်ဆီသို့ ကျွန်ုပ်တို့ကို ဦးဆောင်ပါတယ်။ ကျွန်ုပ်တို့ရဲ့အသံကိုနားထောင်တယ်။ ကျွန်ုပ်တို့ကို ဂရုစိုက်တယ်။

## သိုးထိန်းကောင်းဖြစ်သော ခရစ်တော်နှင့် သိုးထိန်းအတုအယောင်ကြားကွာခြားချက်

ငါ့အတွက်ပိုင်ဆိုင်ရရှိရမယ် ဆိုတဲ့ ခံယူချက်က သိုးထိန်းရဲ့အဆင့်အတန်းကို ဆွဲချတယ်။ သိုးတွေက သိုးထိန်းအတုတွေရဲ့ပိုင်ဆိုင်ရာမဟုတ်ပါဘူး။ အန္တရာယ်နဲ့ကြုံရပြီးဆိုရင် သူတို့တွေဟာ ထွက်ပြေးကြပါတယ်။ အဲဒါကြောင့် သူတို့ဟာ သိုးကိုမသိကြပါဘူး။

ကောင်းသောသိုးထိန်းတပါးအနေနဲ့ သခင်ဘုရားဟာ ပရောဖက်ဟောကြားချက်ဖြစ်တဲ့ EZK 34:1- 25 ရဲ့မျှော်လင့်ချက်များကို ပြည့်စုံစေတယ်။ နောက်ဆုံးသောအချိန်ကာလနဲ့ဆိုင်တဲ့၊ နောက်ဆုံးသော ပန်းတိုင်ကိုရောက်ရှိဘို့ ဦးဆောင်သွားမဲ့ သိုးထိန်းကို ပေးမယ် ဆိုတဲ့ ဘုရားရဲ့ဂတိတော်ကို ပရောဖက်ကြီးက ဟောကြားထားတယ်။

ကောင်းသောသိုးထိန်းဟာ သူ့ရဲ့သိုးတွေကိုအလိုရှိတယ်။ သူ့ရဲ့သိုးတွေကို စိမ်းလန်းသောမြက်ခင်းပြင်သို့ ဦးစီးဦးဆောင်မယ်။ သောကြာနေ့ကြီးမှာ တွေ့ခဲ့ရသလိုဘဲ သူ့ရဲ့သိုးစုတွေအတွက် အသက်ကိုပင်ပေးဆက်ဘို့ အသင့်ပြင်ထားမှာဖြစ်ပါတယ်။

### ဒီနေ့ကျွန်ုပ်တို့နားလည်ရမှာက

သိုးများဟာ အါးလုံးသော သခင်ဘုရားရဲ့နောက်လိုက် ဘာသာသူများကို ဆိုလိုပါတယ်။ သိုးထိန်းရဲ့အသံကို နားထောင်ခြင်းဟာလဲ ဘာသာသူများရဲ့ ကြန်အင်လက္ခဏာတခုဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ သခင်ဘုရားရဲ့ နှုတ်ကပတ်တော်နဲ့ ဆိုဆုံးမသံများကို နားထောင်ပါရဲ့လား။ တခါတရံ ကျွန်ုပ်တို့နားမထောင်ပါဘူး။ တခါတရံ ကျွန်ုပ်တို့ရဲ့သာသနာ၊

ကျွန်ုပ်တို့ရဲ့မိသားစု၊ ကျွန်ုပ်တို့ရဲ့အသိုင်းအဝိုင်းထဲမှာ၊ ကျွန်ုပ်တို့အလုပ်လုပ်တဲ့နေရာမှာ၊ ကောင်းသောသိုးထိန်းရဲ့အသံကို နာမထောင်ရလေအောင်၊ ဆာတန်ကဝင်ရောက်နှောက်ယှက် ဖျက်ဆီးတတ်တဲ့သဘောရှိပါတယ်။

ကောင်းသောသိုးထိန်းဖြစ်တော်မူသော ကိုယ်တော်ထံဆုတောင်းခြင်းအားဖြင့်၊ ကိုယ်တော်၌ယုံကြည်ခြင်း၊ ကိုယ်တော်၌မျှော်လင့်ခြင်းအားဖြင့် သခင်ဘုရားနဲ့ ပေါင်းစပ်ဘို့ကြိုးစားကြပါစို့။ ဒီလိုနဲ့ ကျွန်ုပ်တို့ကို ဝင်ရောက်ဖျက်ဆီးတဲ့ ရန်သူနတ်ဆိုးကိုတွန်းလှန်ပြီး ကောင်းသောသိုးထိန်းဖြစ်တော်မူသော သခင်ဘုရားရဲ့ နှုတ်ကပတ်တော်နှင့်အသံကို အမြဲနားလုံးသွင်းပြီး ကောင်းသောသိုးထိန်းရဲ့နောက်တော်သို့ လိုက်လျှောက်ကြပါစို့။

Fourth Sunday of Easter Homily in Burmese Apri 30 2023